(ဂ) သို့ပါရာဇိကမှုဖြင့် အနာပတ္တိဖြစ်သော်လည်း၊ ဒရိယာဖြစ် သော အရှင်အာနန္ဒာမထေရ်မြတ်သည်၊(၁)မြတ်စွာဘုရားထံ မှားရှိ စဉ် မြတ်စွာဘုရားထံ၊ ချ...ခုနှစ်ချက် သိက္ခာပုဒ်များ ဘယ်သင်းများပါ နည်းဟု မလျှောက်ထားလိုက်မိသော အပြစ်တချက်၊ (၂)မြတ်စွာဘု ရား မိုးရေခံသင်္ကန်းကို ခြေဖြင့်နင်း၍ချုပ်ဘူးသော အပြစ်တချက်၊ (၃)မာတုဂါမများကို၊ မြတ်စွာဘုရားကိုယ်တော်ကို အရှင်အာနန္ဒာ က ...ငင်းရာ၊ ...သောမာတုဂါမတို့ မျက်ရည် ဘုရားကိုယ်တော်ကို ...သည့်အပြစ်တချက်၊ (၄)သင့်ညဘုရားက-ပရိနိဗ္ဗာန် စံ လွန်ခြင်းအကြောင်းနိမိတ်ကို သိသိသာသာပြပါလျက်၊ တကမ္ဘာ ပတ်လုံးတည်တော်မူပါဟု မတောင်းပန်မိသည်လည်း အပြစ်တချက်

(၅)မာတုဂါမတို့ ငါတို့သာသနာ၌ ဝင်ခွင့်ရအောင် ကြောင့်ကြစိုက်မှုပြုသော ဖြစ်တချက်၊ ဤ(၅)ချက်သော ဒုက္ကဋ်အာပတ်ကို သံဃာတော်တွေ့ ဒေသနာကြားပါဟု၊ သမထ သင်္ဂါယနာတင်မည်၊ စည်းဝေးသော သံဃာတော်များက မိန့်ဆိုကြရာ၊ ဒုက္ကဋ်အာပတ် မသင့်ကြောင်း၊ အကြောင်းလုံလောက်စွာပြနိုင်သောကြောင့် အာပတ်မသင့်စေကာမူ အရှင်ဘုရားတို့စကားကို ယုံကြည်သဒ္ဓါသောအားဖြင့်။ ဒုက္ကဋ်အာပတ်(၅) ပါးကို ဒေသနာ ကြားပါတော့မည်ဟု သော၀စသုတ္တဂုဏ်၊ နိဝါတဂါရဝဂုဏ်၊ ခန္တီသောရစ္စဂုဏ်နှင့် ပြည့်စုံစွာခံ၍ ဒေသနာကြားသောအရှင် အာနန္ဒာထေရ်ကို နှလုံးပိုက်သောအားဖြင့်၊ ယောပနတ်ကြ၊ မာတုဂါမေနသဒ္ဓိံ(လ) ပါစိတ်ယောနဝါ(လ) အယိုရမ္မေ၊ အနိယတ၊ ဟူသော ပါတိမောက်(၃)နံပါတ် ပါရာဇိကတော်(၂၂၇)တို့နှင့်အညီ။ နှစ်လများစွာ အပြောအဆိုထည်းများပြား ရံခါ မကာင်းနိုင်ကြောင်းလည်းထင်ရှား၊ ဝေဒကသတ်သေ ကြွင်းရဟန်း ရှင်လူတို့လည်း သံသယကင်းရှင်းကြလေအောင်၊ သော၀စသုတ္တ ဂုဏ်သည်းပြည့်စုံလေအောင်၊ သံဃာထေရ်ကြီး ဝါကြီးများတွေ့၊ ပါစိတ်အာပတ်ကို ဒေသနာကြားစေ၊

၁၃၀၁-ခု၊ နယုံလဆန်း(၉)ရက်၊ သောကြာနေ့၊ နံနက်ပြန်နှစ်ချက် အချိန်တွင်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ၊ မိတ္ထီလာခရိုင်-မြစ်ကွေ့ခရိုင် သုဓမ္မာဝင်-ကျွန်းရွာတောရဆရာတော်ဘုရားကြီးသည်၊ အများသံဃာတော်များနှင့် တိုင်ပင်၍စီရင်ဆုံးဖြတ်အပ်သော၊ နှာတည်းမှုစီရင်ချက်—ဝိနိစ္ဆယဖြတ်စာပြီး၏။

---

(၁) ဝဋ္ဋတမဉ္ဇူနဂရေ၊ စတုစက္ကာနပူရဆော၊
ကျွန်းရွာရညဝိဟာရမှိ၊ ဓမ္မကာမေဟိမာပိတော၊ ။
(၂) ကျွန်းရွာရညာစရိယေန၊ ကွာပိန္ဒလဒ္ဒလဒ္ဓိနာ၊
ေသာသာနံဟိတတ္ထာယ။ ကတောဂန္ထိ ရနိစ္ဆယော။ ။
(၃) ကာသိတိသတကေမှိ၊ နဝမေဇေဋ္ဌမာသကော၊
သုက္ကဝါရေသုနိဋ္ဌိတော၊ နိဒ္ဒုဂ္ဂေသနိရုပဒ္ဒဝေ'တိ၊ ။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ၊ မိတ္ထီလာ မြစ်ကွေ့ နှစ်ခရိုင် သုဓမ္မာဝင်၊ အနေကဂန္ထကာရက၊ သိက္ခာကာမ၊ အတိပါကဋ၊ ကျွန်းရွာတောရဆရာတော်ဘုရားကြီးသည်။ နွားတည်းရွာ၊ ဘုန်းကြီး ဦးနန္ဒမာလာ၏ မှူးရှိသော ပဟန်းရှင်လူတို့အား၊ သာသနာတော် သိုက်ဝင်-ဗုဒ္ဓဘာသာ ပဟန်းရှင်လူခပ်သိမ်း ကျေးဇူးများရန်၊ အာဝေဏိယ ဝိနိစ္ဆယ ပရမ္ပရကိုရကြ၍ နယဂ္ဂါဟပြုပြီးလျှင်။ သာသနာတော် ထွန်းလင်းစေရန်ရည်သန်၍။ တံဆိပ်တော်(၃)ထပ်-ကိုယ်တိုင်တော် ရိုက်နှိပ်၍၊ ၁၃၀၁-ခု။ နယုန်လဆန်း(၁၂) ရက်တနင်္လာနေ့တွင်၊ ပုံနှိပ်လုပ်ဆောင်ခွင့်ပေးတော်မူသည်။

## ညောင်ထေးပင်နယ်-ဖဒိုရွာ။ ဘုရားကြီးကျောင်း၊ ဝါချုပ်ဘုန်းကြီး-ဦးဥာဏိန္ဒ၊ သက်ထောက်ပဟန်းတော်-ဦးတေဇိန္ဒတို့ ၁၃၀၀-ပြည့်နှစ်၊ တန်ဆောင်မုန်းလဆုတ်(၆)ရက် စနေနေ့လျှောက်လွှာ။

ဘုရားတပည့်တော်-ဖဒိုရွာ။ ဘုရားကြီးဘုန်းကြီး-အရှင်ဥာဏိန္ဒ သက်ထောက်၊ အရှင်တေဇိန္ဒတို့ ရိုသေလေးမြတ်စွာ လျှောက်ထား အသနားတော်မြတ်ခံပါ့ ပါသည်။ ကျေးဇူးတော်အရှင်၊ အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ(၄)မြို့ဂိုဏ်းချုပ်၊ မိတ္ထီလာခရိုင် မြစ်ကွေ့ ခရိုင်-ပေါင်းနှစ်ခရိုင် သုဓမ္မာဝင်၊ အနေက ဂန္ထကာရက၊ ထင်ရှားပေါလ သိက္ခာကာမ ဥဘတောဝိဘင်္ဂဓရ၊ ဝိပဿနာယာနိက ရဟန္တုပြခါ၊ ကမ္ဘာကျွန်းကျော်၊ အတိပါကဋ ခန္တီဒသာရဂ္ဂ။ ယုဂ္ဂမုဏ္ဍဝါဒီ၊ မြန်မာနိုင်ငံကြက်သရေဆောင် မဟာထေရ်ကြီး ဖြစ်တော်မူသော၊ ကျွန်းရွာတောရဆရာတော်ဘုရားကြီးဘုရား၊

(၁) ဒါယကာအချို့က-တပိုင်းတစဖြစ်သော မြေနှင့် ကျောင်းကို၊ အာချေ ခိက သံဃိကလှူဒါန်းသည်ဟု ပြောကြပါသည်၊ တချို့ မြေနှင့် ကျောင်းကို ဒါယကာတဦးက၊ အသီး အခြား မြေပယ်၍ ကျောင်း ဆောက်ပြီး မည်သူမှမသိ၊ ဒါန်းပဲ ယခုတိုင်ထားပါသည်, အသီးအ

ခြားမြေ၀ယ်၍ မည်သူမှ မလှူ။ပဲထားအပ်သော မြေနှင့် ကျောင်းမှာလည်း၊ သံဃိကဖြစ်သည်ဟု အချို့သောသူတို့က ဆိုကြပါသည်၊ ထိုမြေ ထိုကျောင်း သံဃိကဖြစ်မဖြစ် သိလိုပါကြောင်း၊

(၂) အသီး အခြားမြေ၀ယ်၍ သီးခြားဆောက်ထားသော ဒါယကာကျောင်း၌။ အလုပ်လည်းမတော့ လာဘ်လည်းမတော့၊ နေထိုင်ကြသောရဟန်းတို့ထံမှာ၊ ကျောင်းဒါယကာများသဘောကြ ကြည်ညိုရပင့်၍။ အလုပ်မတော့ လာဘ်မတော့၊(အာရာမိက)သော ကျောင်းနေမှရဟန်းဘို့ဟုမပင့်ဘဲ၊ ကာလိန်ခင်းရာ ကာလိန်မြောက် မမြောက်၊ ထိုအာရာမိက ကျောင်းနေရဟန်းတို့အား၊ဒါယကာများက သဒ္ဓါမဲ့ မပင့်သဖြင့်၊ ကထိန်ခင်းရာပါရဟန်းတို့သာ ၀ေဘန်၍သုံးကြသော်၊ ထိုမပင့်သောရဟန်းဘို့အား၊ မ၀ေဘန်မှုအတွက်၊အပြစ်ရှိမရှိသိလိုပါသည်။

(၃) ထိုအာရာမိက ကျောင်းမြေရှင်၊ ပုဂ္ဂလိက ဒါယကာပိုင်ကျောင်းမြေရှင် ဒါယကာ ဒါယိကာမအများသဘောတူစရိတ်ထော်၍ပင့်သဖြင့်၊ထိုကျောင်းများအားလုံးကို အုပ်စိုးစချနေစဉ်၊ခွက်မရွာ ဘုန်းကြီးပျံအတွက်၊ တပည့်တော်ကိုယ်တိုင် နှိုးဆော်အလှူခံပြီး၊ ရန်ကုန်သို့ကိုယ်တိုင်သွား၍ ကျားရုပ်ဆင်ယင်တို့ ကောဇော(၂)ချပ် သင်ဖြူး(၅)ချပ်တို့မှာ။ ဘုန်းကြီးပျံကိစ္စပြီးလျှင်။ ရက္ခိတဂေါပိတ အဖြစ်ဖြင့် မည်သူ သိမ်းပိုက်ထိုက်ပါသနည်း၊ ကျမ်းဂန်လာတိုင်း သိလိုပါသည်။

(၄) ယင်းသို့ အာရာမိက သံဃိက-ပုဂ္ဂလိက ကျောင်းအားလုံး အုပ်စိုး၍ စချဘုန်းကြီးလုပ်နေထိုင်စဉ်၊အများပင့်၍ သံဃာနှင့်ဆိုင်သော သင်္ကန်းစသည်များကို ရရချင်းအပြီး၀ေဘန်ပေးပါသည်၊ မိမိမှာ တခြားရွာများက တပါးတည်းပုဂ္ဂလိက၊ဘုရားကြီးကျောင်း နာမည်ထပ်၍ပင့်ရာ၊ ကိုယ်တိုင်လိုက်ပြီးရသော သင်းပိုင်(၂၄) ဝဋ္ဋ(၅)ဘိနပ်(၁)ထီး(၂)တို့မှာ၊ကျောင်းရှိ သံဃာကုန်ဆိုင်မဆိုင်၊မ၀ေဘန်က အပြစ်ရှိမရှိသိလိုပါသည်။ ထိုသင်္ကန်း(၂၄)ထဲက။ ဦးပဥ္စင်း ဦးဝိမလ(၂)ထည်ယူပါသည်။

# မြင်းတည်းအရှေ့ကျောင်း၊

# {ဝိနိစ္ဆယ}

## ဤသံဃဘေဒကဝိနိစ္ဆယရေးရကြောင်း၊

## အတ္ထုပ္ပတ္တိပြချက်း။

သက္ကရာဇ်(၆၀)ကျော်၊ သိက္ခာ(၄၀)ကျော်၊ တောင်သာ ကိုက်းအုပ်ဆရာ-ဦးဇာနက၊ မြင်းတည်း အရှေ့ကျောင်းဘုန်းကြီး၊ ရှင်ဝိစယသည်၊လုံးလောက်သောအကြောင်းမရှိပဲ၊ ပရိတ်ရွတ်၊ဆွမ်း စည်ဝေသော သုမင်္ဂလ ဒုဂ္ဂလမှုခံဝိသိမ်းပင်၊ လူကွဲ သံဃာကွဲ နှစ် ဖြာပွားကွဲအောင်ခွဲခြင်း၊ကံကြီးကံငယ်ကွဲအောင်ခွဲခြင်းတို့ဖြင့်။ သံဃာ ဘေဒ သံဃာရာဇိဖြစ်ပွား၊အကုသိုလ်များပြား၍၊ အပါယ်လေးပါးအ စာဖြစ်ဘုန်းအောင်၊အဓမ္မ အဝိနယအရင်းခံ၍ အကြိမ်ကြိမ်ခွဲကြောင်း လူရှင်အများမကွယ်ဝှက်နိုင်သော သက်သေအများရှိပါသည်၊ ထို သံဃာသင်းခွဲမှုများမှာ။ သဗ္ဗညုဘုရားဟော ဝိနည်းဒေသနာတော် အရ၊သံဃာဘေဒကကံကြီးထိုက်မထိုက်။ပါရာဇိကကျမကျ၊ အဆုံး အဖြတ်ဝိနိစ္ဆယပေးသနားတော်မူပါမည့်အကြောင်း လျှောက်ထား ချက်အရ၊ဗဒိတ ရှင်ဝိစယထံ နှင့်ကြိမ်တိုင်တိုင်ခွဲလျှင် ခွဲကြောင်း မခွဲလျှင်မခွဲကြောင်း၊သိသာရန်သက်သေများနှင့်တကွ။ ကိုယ်တိုင် ထုချေရှင်းလင်းနိုင်သေးလျှင်-ထုချေရှင်းလင်းရန်။ ကဆုန်လကွယ်နေ့ နယုန်လဆန်း(၈)ရက်နေ့တို့၌၊ ကျမ်းဂန်ဥပဒေရှိတိုင်း အခွင့်ပေးခဲ့ရာ၊ မလာမရောက် မထုချေမရှင်းလင်းခဲ့ချေ။ ၊စင်စစ် သဘာဝအားဖြင့်၊ ဤကဲ့သို့-အမှုအရင်းခံ၍၊ အတန်တန် ထိုရဟန်းခွဲဘူးကြောင်းမှာ၊ မြင်းတည်းရွာ ရဟန်းရှင်လူ အား၊ အနီးရွာ ရဟန်း ရှင်လူတို့ပင်၊သိပြီး ဖြစ်ကြလေပြီ၊ သက်သေများလည်း ဘိုးဥ တန်ဆောင်းရေစက်ချ စ သော ကြီးအများပင် ဝိဇ္ဇသက်သေများ သုံ့လေပြီ၊ ချုံကြီးကိုက်းအုပ် ဆရာတော်ကသည်း ကိုက်းဝိနယကကြီး ကိုယ်တိုင်ကပင်၊ပါရာဇိ ကကြောက်လျှင် တို့ကိုက်းမည်သူဝင်မလဲ၊တို့ကိုက်း ဝင်သူပါရာဇိက

မဒကြွာက်သုချည်းမှတ်ထေတော့ဟု၊ တိုက်ရိုက် ဘွင့်ဟပြောသဖြင့်၊ ဘဝည့်တော်ဘို့မှာ ပါရာဇိကနှင့်-အစိစိကြောက်လိုပင်၊ ရဟန်းခံခဲ့ ပါသည်၊ နောက်ခေါ်ပေသည့် မထာနိုင်တော့ဘူး ပြောခဲ့ရကြောင်း ပြောဘူးလေသည်။ ထိုရဟန်းမှာ-ငါတို့က အလူးထုတ်ဘော်၍၊ ဝိနိစ္ဆယချဘွယ်ပင်မရှိ၊ ၊

## သံဃဘေဒက ပါရာဇိကအဖွဲ့-သနကောပြခန်း၊

သံဃဘေဒကောဘိက္ခဝေအနုပသမ္ပန္နော၊ နဉပသမ္ပာဒေတဗ္ဗော ဥပသမ္ပန္နောနာသေတဗ္ဗော၊ မဟာဝါမဟာခန္ဓကပါဠိတော်(၁၀၂) ယောဒေဝဒတ္တောဝိယ သာသနံ ဥဒ္ဓမ္မံ ဥဗ္ဗိနယံကတွာ စတုန္နံသံဃ ကမ္မာနံအညတရဝသေနသံဃံဘိန္ဒတိ၊ အယံသံဃဘေဒကောနာမ၊ ဘောသပဗ္ဗဇ္ဇာစဉပသမ္ပဒါစဝါရိတာ၊ ရင်းမဟာဝါ အဋ္ဌကထာ၊ (၂၄၅) ကင်္ခါအဋ္ဌကထာ(၂၁) ဝိနယသင်္ဂဟအဋ္ဌကထာ (၁၄၆) သမောဓာနေတွာပနသဗ္ဗာနေဝ စတုဝီသတိပါရာဇိကာနိဝေဒိတဗ္ဗာ နိ။ ပါရာဇိကဏ်အဋ္ဌကထာ(၈၈) ကင်္ခါအဋ္ဌကထာ(၄၀) နံပါတ်၊ ပါဠိတော်ရင်းအဋ္ဌကထာ။ မူရကရဟန်းအဖြစ်၌တည်လျက်၊ အ ဓမ္မအရင်းခံ၍။ သမဂ်လ ဒမဂ်ဆမှုကွဲအောင်၊ သံဃကံကွဲ အောင်ခွဲဘူး သောကြောင့်။ လူဖြစ်ပြီးသော သံဃဘေဒကပုဂ္ဂိုလ်ကို၊ ဒုတိယ ရဟန်းခြင်းဌါရင်း၊ သာမဏေပြုလုပ်ခြင်းဌါရင်း သာခဲ့သော် ရှင်ပြု ပဉ္စင်းခံ၍ မပေးအပ်၊ သိလျက်လုပ်ပေးသူဒုက္ကဋ်။ ထိုသံဃဘေဒက ပုဂ္ဂိုလ်ဖြစ်ကြောင်းမသိ၍၊ ရဟန်းခံ ရှင်ပြုပေးမိသော်ထည်း ရှင်သာ မဏေမဖြစ်-ရဟန်းမဖြစ်နိုင်၊ သိသောအခါ-အသွင်ကို ဖျက်ဆီးခြင်း လိင်္ဂနာသနာဖြင့် ဖျက်ဆီးအင်၏။ သင်္ကန်းဝတ်ကို အတင်းချွတ်ပစ် ရမည်ဟုလိုသည်၊ ရဟန်းအသွင်-သာမဏေအသွင် တနေ့တနာရီမျှ မနေထိုက်၊ ဘုရား၏ဆွမ်း ကျောင်း သင်္ကန်းဆေး၊ ဘုရားပစ္စည်း လေးပါးကို တလုပ်မျှမစားထိုက်၊ တနာရီ တမိနစ်မျှ မဝတ်ထိုက်၊ မနေထိုက်၊ သုံးဆွဲလျှင်သူခိုးကြီးသာ၊ ရုပိယဘွင့် အဋ္ဌကထာ၊

ပဏ္ဍကော (လ) အဘဗ္ဗာနေဝ နသံဝဇ္ဇ္ဟာသံ ဥပသမ္ပဒါဝ ရုဟတိ။ တဿာနုပဗ္ဗာဇေတဗ္ဗာနဥပသမ္ပာဒေတဗ္ဗာ၊ ဇာနိတွာပဗ္ဗာဇေန္တော ဥပသမ္ပါဒေန္တာစ ဒုက္ကဋံ အာပဇ္ဇတိ အဇာနိတွာပိ ပဗ္ဗာဇိတွာဥပ သမ္ပါဒိတာ စ ဇာနိတွာလိင်္ဂနာသနာယနာသေတဗ္ဗာ၊ ဝိနယသင်္ဂဟ၊ (၁၃၉)ကိုလက်ကိုင်ထား၍၊ ထိုပါဠိတော်အနက်မှန်ကိုသိအပ်၏။ ဤကား မဟာဝါပါဠိတော်အဓိပ္ပါယ်၊ ။

ဒေဝဒတ်သည်၊ မြတ်စွာဘုရားသာသနာတော်ကို၊ ကုသိုလ်တရား ဟုတ်မှန်သော ဝဋ်ကျွတ်ကြောင်းသည်၊ စောဒနာသာရဏာ ဝိနည်းမှကြောင်း သည်ကိုပြု၍။ သံဃာကံ(၄)ပါးပြုခြင်းတို့တွင်၊ တပါးပါးသောသံဃာ ကံအသီးပြုသောအားဖြင့်၊ သံဃာသင်းခွဲသကဲ့သို့ထိုအတူ။ ယခုကာ လရဟန်းသည်လည်း၊ မြတ်စွာဘုရား ပရိယတ္တိ ပဋိပတ္တိ သာသနာ တော်ကို၊ အမွေ အဝိနယ အရင်းခံပြုပြီးလျှင်။ သံဃာကံ(၄)ပါးပြုခြင်း တို့တွင်၊ တပါးပါး ကံကို အသီးပြုသောအားဖြင့်၊ သံဃာသင်းခွဲခြားအံ့၊ သံဃာကံအသီးပြုခြားအံ့၊ ဥပုသ်အသီးပြုခြားအံ့။ ပဝါရဏာအသီး ပြုခြားအံ့။ ထိုယခုကာလရဟန်းသည်။ သံဃာဘေဒကရဟန်းမည်၏။ ထိုအမွေအရင်းခံရှိလျက်၊ သံဃာကံကွဲအောင် ခွဲသူသော သံဃာဘေ ဒကပုဂ္ဂိုလ်အား၊ ယခုဘဝ ယခုလက်ရှိခန္ဓာကိုယ်ဖြင့် ရှင်သာမဏေ အဖြစ်ကိုရင်း၊ ရဟန်းပဉ္စင်းအဖြစ်ကိုရင်း၊ သံဃာဘေဒကောဘိက္ခုဝ စသော မြတ်စွာဘုရား၏ တချက်လွှတ်ဥပဒေတော်ကြီးဖြင့်၊ သဗ္ဗညု ဘုရားကိုယ်တော်တိုင်တားမြစ်တော်မူအင်ပြီ၊ ယခုခန္ဓာကိုယ်ဖြင့်၊ သာမဏေဘဝ-ရဟန်းဘဝကိုမရနိုင်တော့ပြီ။ အလွန်အမင်းကြံ ကောင်းသွယ် ထိတ်လန့်သွယ်-ကြက်သီးထသွယ်ရှိဖွယ်သော ဥပဒေ တော်ကြီးပေတည်း၊ အနမတဂ္ဂသံသရာတခွင်၌ ၎င်း။ ဂင်္ဂါသဲလုံး မကသွင့်တော်မူကြသော၊ ဘုရားသခင် သာသနာတော်တွင်း၌ ၎င်း၊ ဤသံဃာဘေဒကကံကြီးနှင့်တူသော၊ သာသနာ့သုပ်မှ သာသနာ့ရန် သူမှမရှိတော့ပြီ။ ဘယ်နတ် ဘယ်ဗြဟ္မာ လူမှ၊ မတားမြစ်နိုင်သော ဥပဒေအနန္တတော်ကြီးပေတည်း၊ ယခုကာလ လူသတ်မှုကြီးထက်ပေး မှုထက် အဆ ရာထောင် သိန်းသန်းမက အပြစ်ကြီး၏၊ သာသနာပြု

မင်းမရှိခိုက်မို့ သာချမ်းသာသလိုခဲ့ဘူးရှိကြ၏၊ သို့သော်—ဆိုက်ပြု
သူတိုင်း သေချင်းဆိုးနှင့်ချည်းသေပြီး အစိုးစိုးရဲကြီး ဆင်းရဲသေပြီ။
အလွယ်ကူလည်း အလွယ်ကူသုံးတည်း၊ ဤပုံ ငို့ အဋ္ဌကထာကို နေ့
ညည့်မပြတ်-ဝဋ္ဋဘာသာမှန်သမျှ ကျွတ်ထားသင့်၏၊ ပါဠိ အနက် ရ
ထားလိုက်၊ သိထား လိုက်၏။ အကြောင်းကား၊ ထိုကံပြုသူနှင့် နောက်
ပါရဟန်းခဝ်သိမ်း၊ နောက်ပါလူခဝ်သိမ်း အစိုးစိုးချည်း ဆင်းကြရ
ကြောင်း၊ ပါဠိ အဋ္ဌကထာတိုက်ရိုက်လှာသေ ၁ကြောင့်။ အပါယ်ကြောက်
သူမှန်လျှင်၊ မိမိဆရာဘုန်းကြီးအလေ့ကိုသိနိုင်ရန်၊ ကျွတ်ထားဘို့
ရန်သင့်ကြ၏။ မိဿာဝိနယကတို့လို-ဒေဝဒတ်အသင်း တိတ္ထိအသင်းတို့
လို၊ မိမိတို့လည်း အကုသိုလ်ကံအားကြီးလှသဖြင့်၊ အစိုးစိုးမျက်စောင်း
ထိုးနေသူများဖြစ်လျှင်၊ ထိုအစိုးစိုးကောင်ကလေးများလို၊ ထိုဘုရား
ဟောကျမ်းဂန်မလို သဘောရှိရာကျင့်ကြပေတော့။ ။

## အဋ္ဌကထာဆရာတို့ သံယာဘေဒကအင်္ဂါ(၂)ပါးရေးကြောင်း၊ သာဓကပြခန်း၊

သံယာဘေဒကအင်္ဂါကို၊ အဓမ္မအဝိနယနှင့် သံယကံမှု ကရဏ ဤ ၂ ခုသာဟု၊ အဋ္ဌကထာဆရာတို့ ရဲရဲဝံ့ဝံ့ရေးသားကြသည်မှာ ခိုင်ခံ့မြဲမြံသော အထောက်အကိုး သာဓကမရှိဘဲ ရေးကြသည်မဟုတ်။ သံယာဘေဒေါ သံယဘေဒေါတိ ဘန္တေ ဗုဒ္ဓဝဂ္ဂတိ၊ ကိတ္တာဝတာ နုခေါ ဘန္တေ သံဃော ဘိန္နောဟောတီတိ။ ဣဓုပါလိဘိက္ခူ အဓမ္မံ ဓမ္မောတိ ဒီပေန္တိ (လ) အာဝေနိ သံယကမ္မံ ကရောန္တိ၊ ဧတ္တာဝတာ ခေါဥပါလိ သံဃော ဘိန္နော ဟောတိ။ စူဠဝါ သံဃဘေဒက ခန္ဓက ပါဠိတော်(၃၀၂) (၃၀၃)ဒသင်္ဂုတ္တရပါဠိတော်(၂၉၇)တို့ကို မျက်မြင်ဒိဋ္ဌကြည့်၍၊ အင်္ဂါနှစ်ပါးဟုရေးတော်မူသတည်းဟု ဒိဋ္ဌသိရ၏။ ထိုစကားမှန်၏။ ၎င်းစူဠဝါပါဠိတော် ဒသင်္ဂုတ္တရပါဠိတော်တို့၌၊ အဓမ္မမှစသည်တခုခုအရင်းခံရှိခြင်း၊ သံယကံကွဲအောင်ခွဲခြင်း၊ ဤအင်္ဂါ (၂) ပါးကိုသာ ဟောတော်မူသတည်း၊ ကြွင်းသောအင်္ဂါကို ဟောတော်မမူ။ သေသေချာချာတိုက်ဆိုင်ကြည့်ကြလေ၊ အကျယ်လိုလျှင်

ပါဘို့ရေးသားအပ်ပြီး မိစ္ဆာဝါဒနာသနီ ဘွှမ်း၊ တောင်သာဝိနိစ္ဆယ။ မလှိုင်ဝိနိစ္ဆယ၊ ရေစကြိုဝိနိစ္ဆယတို့ကိုကြည့်ကြလေ၊ ထိုဋ္ဌအကျယ်တဝင့်ပါလေပြီ၊ ၊နဝန္နဝါဥပါလိအတိရေကာနဝန္နဝါ စသည်ဖြင့်။ (၁)သင်းခွဲသူ အဓမ္မဝါဒီ အပင်းအသင်း၊(၄)ဦးသင်းခွဲခံရသူ ဓမ္မဝါဒီ အပင်းအသင်း(၄)ဦးသင်းခွဲသူပါ(၉)ဦးရှိခြင်း(၂)သင်းခွဲသူ ပကတတ်ရဟန်းဖြစ်ခြင်း၊ (၃)ရှေးအခါ ကံအတူပြုနိုင်လောက်သော သမာနသံဝါသကဖြစ်ခြင်း၊(၄)သင်းခွဲသူသည်၊လူယောက်ျား၊လူမိန်းမ ရဟန်းမိန်းမ သိက္ခမာန်မ၊သာမဏေသာမဏေရီမိန်းမပေါင်း(၆)ယောက်မဟုတ်၊ရဟန်းယောက်ျားဖြစ်ခြင်း၊ ဤအပမာန အင်္ဂါ(၄)ပါးကိုလည်းဟောတော်မူသေး၏၊ ယခုကာလ၌ အဝိဝိသို့ ကျကြောင်း အကုသိုလ်ကံ ဖလွန်ကြီးမားကြသော လာဘသက္ကာရ သိလောကဒိဋ္ဌာဝါဒီပါပိစ္ဆာပါပမိတ္တာပါပဂရဟိက၊ပါပဂလာဗဒ္ဓက၊ ပါဝပက္ခိက ရဟန်းကလေးများသည်၊သံဃာသင်းခွဲရာ၌ ဘယ်အင်္ဂါမျှချွတ်ယွင်းမှုမရှိ။ ပမာဏအင်္ဂါ(၂)ပါး အပမာဏအင်္ဂါ (၄)ပါး၊ ပေါင်း (၆)ပါးလုံးပြည့်စုံလျက်ရှိသောကြောင့်ရင်း၊သံဃာဘေဒကောစသည် ဖြင့် သဗ္ဗညု ဘုရားသခင်သည်။ ဒေဝဒတ်အား ပါရာဇိကမှ သံဃာဘေဒကမှ ဖြင့်၊ ဖြတ်စချပြီးဖြစ်သောကြောင့်ရင်း၊ အဓမ္မစသည့်ဖြင့် သံဃာကွဲပြားခြင်းပြုကြောင်း (၁၈)ပါးလာသေးသည်။ ယံကိဉ္စိဗြော်ပိဝဏ္ဏုဒ္ဒိ ယတွာ ယံကိဉ္စိဗြော်အဓမ္မကာရဏသံဂဟေတွာဟု။ မူဋ္ဌဝါအဋ္ဌကထာ(၄၆၉)ပရိဝါအဋ္ဌကထာ(၅၅၈)လာရှိသဖြင့်၊ တပါးပါးသာသူခသောကြောင့်ရင်း၊ တသဏ္ဌာမိနာဏ္ဍဝရှေ့သံဃာဘေဒက ထကွဲလာနပ္ပဋ္ဌတောနိဗ္ဗာနာကရဏ်နဥ္စ။ မူဋ္ဌဝါအဋ္ဌကထာ၊ ပရိဝါအဋ္ဌကထာ ဆရာတော်ကြီးကိုယ်တိုင်၊ ယခုမူဋ္ဌဝါပါဠိတော်လာတိုင်း၊အဋ္ဌကထာဆရာတော်တို့ပြဆင်ပြီးသော အင်္ဂါ(၂)ပါးသာ အင်္ဂါဝင် အင်္ဂါမှုဖြစ်ကြောင်းလာသောကြောင့်ရင်း၊အဓမ္မသို့ရင်းခံခြင်း သံဃာကံကွဲသောင်ခွဲချင်း ပမာဏအင်္ဂါ(၂)ပါးပုံလျှင်၊ ကြောင်းအပမာဏအင်္ဂါ (၄)ပါးသည်းပုံနေ၍၊ အင်္ဂါ (၆)ပါးပုံသောကြောင့်ရင်း၊ ထိုရဟန်းဘို့ဗြာပါရာဇိကမပူသေး၊ သံဃာဘေဒကကံကြီးမည်း မထိုက်သေးဟု၊ သဗ္ဗညု ဘုရားပင် မဆုံးဖြတ်နိုင်တော့ရကား၊

သကျပုတ္တိယဖြစ်သေးငါတို့က၊ အဘယ်မှာ သံဃာဒိသေသ ဒုက္ကာပတ်ကြီးမ
ထိုက်၊ ပါရာဇိကမကျသေးဟုဆုံးဖြတ်စံ ငါမည်နည်း။ ဘုရားသဗ္ဗညု
ကပင်၊ သံဃာဒိသေသဂရုကာပတ်ကြီးထိုက်ပြီ။ ပါရာဇိကနှင့်တကွ
အစိစိနေရယတိကာကပ္ပိတကဖြစ်ပြီဟု၊ ဆုံးဖြတ်တော်မူပြီးသကဲ့သို့၊
ဆုံးဖြတ်ရန်သာတတ်နိုင်တော့သတည်း၊

## မြင်းတည်းမှုကို၊ ပါဠိအဋ္ဌကထာများနှင့်တိုက်ဆိုင်ချက်။

ယခုမြင်းတည်းမှုမှာ၊ တိပိလက္ခဏောဟိ သမန္တာဂတေနဝိနယ
ဓရေန ဝဏ္ဏုပိနိန္ဒယဏ္ဏ သန္နိပတိတေ သံဃေ ဩတိဏ္ဏော ဝဏ္ဏုံသို့
စောဒကေနစ ပုဒ္ဓကေနစ ဝုတ္တဝဏ္ဏဝဏ္ဏေ သဟသာ အပိနိန္ဒိနိတွာ
ဝ ဆဋ္ဌာနဒိဩလောကေတဗ္ဗာနိ(ပ)ဝဏ္ဏုဩလောကေတဗ္ဗံ·မာတိ
ကာ(ပ)ပဒဘာဇနိယံ(မ)တိက၊ ရိဿွဒါ(ပ) အမရာပတ္တိ(ပ)အနာ
ပတ္တိဩလောကေတဗ္ဗာ၊ ပါရာဇိကကဏ်အဋ္ဌကထာ(၁၈၂)ပြ ရှေးရှေး ဝိန
ယဓရတို့ကျင့်ရိုးထုံးတမ်းဥပဒေသကို။ လိုက်နာ၍စဉ်းစားလိုက်
သော်၊ ခင်းပြအစ်ပြီးသော၊ သံဃာဒိသေသဘိက္ခု ဝေစသော သံဃာ
ဒိသေသကသိက္ခာပုဒ်ပါဠိအဋ္ဌကထာတို့နှင့် တိုက်ရိုက်ပက်ပင်းပါတွေ့
ကြုံနေရကား၊ ဧဝမ္မဝါဒီ အလဇ္ဇီဒုဿီလအားပေးရာကျသော ထိ
လို့။ ရှုကာ သတ္တာဂိရိဟေမဝတာအလောင်း ဝိနယဓရကြီးတို့ကဲ့သို့
မနေသင့်ဟု သဘောရချေသည်၊ ပြည်ပိုင်အစိုးရမင်းတို့နှင့်တကွ၊
ပညာရှိ ပထမတန်း သာသနာပိုင်ဆရာတော်ကြီးတို့ကလည်း၊ မိမိ
သီလသမာဓိ ပညာစွမ်းကိုသိကြသဖြင့်။ ဤကဲ့သို့အဓမ္မဝါဒီ အလဇ္ဇီ
ဒုဿီလတို့ အနာဂတ်၌ ခေါင်းခပြုစံ အောင်နိုင်ရန် လဇ္ဇီသီလဝန္တာ
တို့ချီးမြှောက်မိရန်၊ မိဏ္ဍီလာ မြစ်ကွေ့ခရိုင် နှစ်ဦးကြဲတိ (၁၀)ပင်
အပ်နှင်းတော်မူလေသည်။ အလဇ္ဇီနိဂ္ဂဟဏ္ဏာယဟိ လဇ္ဇီပဂ္ဂဟဏ္ဏာ
ယစ သိက္ခာပဒံပညတ္တံ။ ဒုဗ္ဗနဒီသသိက္ခာပုဒ်အဋ္ဌကထာ (၄၆၉)
အဓိကရဏံနာမ စတ္တာရိ အဓိကရဏာနိ ဝိဝါဒါဓိကရဏံ အနုဝါဒါ
ဓိကရဏံ အာပတ္တာဓိကရဏံ ကိစ္စာဓိကရဏံ ဟူသော၊ ပါစိတ်

ဥဿုက္ကာဝှ သိက္ခာပုဒ်ပါဠိတော် (ဈာ)ချုပ်စသည်နှင့်အညီ။ ယခုအမှု
သည်၊ အနုဝါဒါဓိကရုဏ်းမှုပင်ဖြစ်သည်။ ဝတ္ထုအာပတ်နှစ်ရပ်ဖြင့်
စောဒနာစွပ်စွဲမှုကြီးပင်ဖြစ်သည်။ ပဋိညာဉ်လဇ္ဇီသုကတာ အလဇ္ဇီသု
ဒေါ်းဝိဇ္ဇတိဗဟု ပိအလဇ္ဇီဘာဒေသယျ။ ဝုတ္တာနုသန္ဓိတေနကာဒရဟေ၊
ပရိဝါ (၂၁၄) အပဋိညာယကတံ ဟောတိတိထဋ္ဌိ သင်္ဃာယဝုတ္တံ၊
ဗုဒ္ဓဝါ၊ စေ့ရသကဏ် (၄၄၆)ဝဇိရဗုဒ္ဓိဋီကာ(၁၇၃)အလဇ္ဇီမှာ
ပဋိညာဉ်မလို၊ လဇ္ဇီမှသာ ပဋိညာဉ်လိုသည်၊ အလဇ္ဇီမှာ လွန်ကျူးမှု
ထင်ရှား မထင်ရှား၊ ရှေ့နောက်ပြောဆိုအဝ်သောစကားအစဉ်များ
ကိုသာ ကောက်ယူ၍ ပါဠိအဋ္ဌကထာများနှင့်တိုက်ဆိုင်နှီးနှောပြီး ဆုံး
ဖြတ်ရမည်ဆိုလိုသည်၊ ထိုရဗိတကမှာ ပရိယတ်-ပဋိပတ်မှုရှိမရှိ။
လဇ္ဇီအလဇ္ဇီဖြစ်မဖြစ်ကို လူတိုင်းစဉ်းစားနိုင်ပြီးရှိသည်၊ အပဋိညာ
ယကဘန္တေ ဝတ္ထုံဝါ အာပတ္တိံဝါ အဘိသမ္ဗုဒ္ဓိတ္တာ ပဋ္ဌာကတံ ယောပန
သင်္ဃေ့ သံပသန္နာနံ ယေဝဝတ္ထုပိတိဋ္ဌကမ်ကတွာ ပဋ္ဌာကမ္မ ကရဏ
ဘဝေနာကရောမိတိ မသာဝဒတိ တသာဘိကျွနုသမ္ဗုဒ္ဓေပိတိဋ္ဌကမ
ကရဏမေဝပဋိညာ၊ တထတေသဓာနနုဋ္ဌမေဝ ပဋိညာယကရဏံ
အနုညာတံ။ ဗုဒ္ဓဝါ၊ ဝိမတိဝိနောဒနီ(၄၉၉) ဘူတေနာ ဝတ္ထုနာကာတ
မေဝဘိအပဋ္ဌ ဟောတိ၊ နာညံ။ ရင်းဝိမတိဝိနောဒနီ (၄၉၉)ဟုတ်
မှန်သောဝတ္ထုဖြင့်၊ ဆုံးဖြတ်မှုသည်ပသာဒနအချုပ်၊ ယခုဗိတရားခံ
ရှင်ဝိစယအမှုမှာ။ အညောပိဂါဠိဿာဂဏဗန္ဓေနဂဏာ ဝဋ္ဋေတွာတံ
ပက္ခိ သာယမာသံယာ ဘိန္နေယျ။ နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ၊
(၁၆၄)နှင့်အညီ၊ ဘိုးဥ တန်ဆောင်းရစကချုပ်သည်၌။ ရဟန်းအာ
များ လူရှင်အများရှေ့မျက်မှောက်မှာပင်၊ အမေမှုအရင်းခံခြင်း၊ သံ
ဃာကံကွဲအောင်ရင်းစသည်ဖြင့်၊ သံဃာဘေဒက သိက္ခာပုဒ်ကြီး
ကို၊ မိမိဖမျှဝါဒိပါဠိဿ အောင်းအသင်းဂိုဏ်းကလေးကိုချစ်၍ မိမိ
(၉၀၀)ကျော်သောသိက္ခာပုဒ်ကြီး ဘုရားသခင်ကိုယ်တော် မြတ်
ကြီးတွကို ရက်ရက် စက်စက် ပက်ကာပယ်ကာ အကြွင်မျှား စွာ
ကိုယ်ရောနှုတ်ပါ လွန်ကျူးကျော်နင်းကြောင်း၊ လူသိ ရဟန်းသိ ရှင်
သိ နတ်ပြည့်သိ မျက်မြင်ဒိဋ္ဌဖြစ်နေသဖြင့်၊ မကွယ်နိုင် မဖုံးနိုင်၊
သံဃာဘေဒကပါရာဇိကအာပတ်သင့်ခြင်း၊ အဖြစ်ရှိခြင်း ဒေါ်းသာ

ပဂမပဋိညာဉ်ပေးသည်မည်သောကြောင့်ဂုဏ်း၊ သုခုမသဏ္ဍာဂန္တိရ ဒုဋ္ဌသဖြစ်သော ဒုတိယ တတိယ သိက္ခာပုဒ်တို့နှင့်သာ၊ အမှန်အကန် ယထာဘူတသိရန် ဒေါသောစဂမပဋိညာဉ်ဖြင့် ကံပြုခြင်းကို၊ ဘုရားသခင်ခွင့်ပြုတော်မူသောကြောင့်ဂုဏ်း။ သံဃာဘေဒကအင်္ဂါလက္ခဏာ အပုံအလင်သံဃာသင်းခွဲသူဖြစ်ရကား၊ သံဃာဘေဒက ဂရုကကံကြီး ထိုက်ပြီ၊ ပါရာဇိကကျရောက်ပြီ၊ အပါယိက နေရယိက ကပ္ပဋ္ဌတိက အတေကိစ္ဆဒုဿီလဖြစ်ပြီဟု–ဘုရားမဟာမဟာဝါ စူဠဝါပါဠိတော် စသည်ထောက်၍ သိကြပြီးမှ ကြရာသတည်း၊

## သံဃဘေဒကဒုဿီလများ—ဖျှထိုက် မဖျှထိုက်ပြလက်း၊

သံဃဘေဒကသိက္ခာပုဒ်ကိုလွန်ကျူး၍၊ ပါရာဇိကကျရောက်ပြီး ပုဂ္ဂိုလ်သည်၊ ရဟန်းလည်းမဖြစ်နိုင်၊ သာမဏေလည်းမဖြစ်နိုင်တော့ပြီ။ ထိုကြောင့်–သံဃာဘေဒကောအနုပသမ္ပန္နောအရ လူသာတည်း၊ သာမဏေမဟုတ်၊ ထိုသူမှာ (၉)ထောင်ကျော်သော သိက္ခာပုဒ်နှင့် တကွ၊ငါးပါးသီလ–ရှစ်ပါးသီလ၊ ဆယ်ပါးသီလ၊ သရဏဂုံမှ မရှိပြီ ရဟန်းအသွင် သင်္ကန်းဝတ်နေသမျှ ကာလပတ်လုံး၊ သူတပါးထံ ယူ၍လည်း မရနိုင်ပြီ။ သူတပါး သီလပေးတို့ သရဏဂုံပေးတို့၊ သာမဏေရဟန်းလုပ်ပေးတို့၊ သိမ်သမုတ်ပေးတို့ကား၊ အဝီစိနှင့် ဘဝင်မကူးလေပြီ။ ဆွမ်းသင်္ကန်း ကျောင်း ဆေး၊ ဘုရားပိုင် ပစ္စည်းလေးပါးလို နှမ်းတစေ့ခန့်မျှ တနေ့တခါမျှ မနေသင့်-မစားသင့် မဝတ်သင့်ဖြစ်ချေပြီ။ ဘဂဝတာပဋိက္ခိတ္တနောသာသနေသီလဝတော ပစ္စယာအနုညာတာ၊ နဒုဿီလဿဒါယကာနမ္ပိသီလဝတောယေဝ ပရိစ္စဂေါနဝဒုဿီလဿ။ ဝိသုဒ္ဓိမဂ်မဟာဋီကာ(၆၈) ရှုငယ သိက္ခာပဒဘွင့်တရသကလ်။ ၊ဆုကောဇ္ဇာပုဂ္ဂလောဒုဿီလော (ပ)ဖိဂုဇ္ဇိတာဗ္ဗာ၊နသေဝိတဗ္ဗော၊နပယိရုပါသိတဗ္ဗော၊ တိကင်္ဂုတ္တရ(၁၂၀)ပုဂ္ဂလပညတ်ပါဠိတော်များနှင့်ညီ၏။

အာပါယိကော နေရယိကော ကပ္ပဋ္ဌော သံဃဘေဒကော၊ ဝဂ္ဂရ တော အဓမ္မဋ္ဌော၊ ယောဂက္ခေမာပဓံသတိ၊ သံဃံ သမဂ္ဂံ ဘိန္ဒိတွာ၊ ကပ္ပံ နိရယမှိ ပစ္စတိ၊ ပုဋ္ဌဝါ(၃၀၃)ဇနုဝါဒါဓိကရဏံ စတုဟိ သမ ထေဟိ သမ္မတိ သမ္မုခါဝိနယေန စ သောဗုဋ္ဌဝါ(၁၀၅)စသည်နှင့်အညီ သံဃသမ္မုခတာ၊ ဓမ္မသမ္မုခတာ၊ ဝိနယသမ္မုခတာ၊ ပုဂ္ဂလသမ္မုခတာ (၄)ပါး ပုဋ္ဌဝါစသည်အတိုင်း ရှေ(၃)ပါးပုံလေပြီ။ ပုဂ္ဂလသမ္မုခတာ ဖြစ်မဖြစ်စဉ်းစားသင့်၏၊ တိုင်းတပါး ဇနပုဒ်တပါးတို့က၊ စာလွှာစေ လွှတ်၍လျှောက်ထားရာ ပုဂ္ဂလသမ္မုခတာပျက်၏၊ အလဇ္ဇီပရိသတ် များ၍။ ဥဗ္ဗာဟိကကမ္မဝါစာဖြင့် ဝိနည်းဓိုရ်ရွေးကောက်၍ဆုံးဖြတ်စေရာ သံဃသမ္မုခတာပျက်၏၊ သံဃသမ္မုခတာပရိဟာယတိ။ ကင်္ခါ(၁၇၈) ပါရာဇိကာပတ္တိ ပစ္စယာ ဥပ္ပန္နံ ဘဏ္ဍာနေ ဟောတု နတ္ထန္တိယကမ္မံ ကာ တဗ္ဗံ၊ ဒယာဇနဘာဝဝါ၊ ဗုဒ္ဓဝါ၊ ဝဇ္ဇိရဗုဒ္ဓိဋီကာ(၁၇၃) ဗုဒ္ဓဝါ၊ တေရသကဏ္ဍဋီကာ(၄၄၆)ပင်းဋီကာသို့အလိုသော်၊ ပါရာဇိက မှုဖြစ်အံ့၊ တဇ္ဇနိယစသော ကံ(၇)ပါးမပြုအပ်ဟုဘွင့်သောဋီကာ ဆရာတို့သည်၊ ပါရာဇိကမှုမှာ သမ္မုခတာမလိုကြောင်းကိုညွှန်း ပြသည်၊ထိုစကားမှန်၏၊ တိုင်းတပါးက သူတပါးတို့ကစွပ်စွဲသဖြင့် ယုံမှားသံသယကင်းအောင် ဝိနည်းဓိုရ်ရွေးကောက်ထားသော ရဟန်း တို့မှာ၊ အဘယ်မှာပုဂ္ဂလသမ္မုခတာဖြစ်နိုင်မည်နည်း၊ မဖြစ်လျှင်၊ တိရောရဋ္ဌေသု ဥပ္ပန္နံ ကုက္ကုစ္စံ ဘိက္ခူ။ဝိနယဓရသန္တိကံ အာဂန္တွာ ကုက္ကုစ္စံ ပုစ္ဆန္တိ သေသံ ဘေတဗ္ဗံ ကတဿ ကမ္မဿ ဥက္ကောဋံ ဩဒလာ ကေတွာ ဒေသန္တရဂါမိနံ ဒေသန္တရပေတွာ သုန္ဒန္တေ ပတိဋ္ဌာပေသိ ဧဝံ ကုက္ကုစ္စပကတာနံ ပတိဿရဏံ ဟောတိ ဟူသော ဝိမလာနသိက္ခာပုဒ် အဋ္ဌကထာလာစကားကိုမရေးသင့်၊ရေးလည်းရေးခဲ့၏ ဝိနည်းဓိုရ် ကလည်းစောဒကပါးခါခဲ့၊ပုံမှဆုံးဖြတ်နိုင်မည်ဟုဖြန်မလွှတ်ခဲ့၊ယော စဒိဝဒတိ၊ ယောနစဝိဒတိ၊ ဥဘောအတ္တပစ္စတ္ထိကာ သမ္မုခီဘူတာ ဟောန္တိ၊အယံပုဂ္ဂလသမ္မုခတာ၊ ပုဋ္ဌဝါ(၁၀၀)ကင်္ခါ(၁၇၈)ပုဂ္ဂလ သမ္မုခတာအရလည်း၊စောဒက စုဒိတကပုဂ္ဂိုလ်နှစ်ဦးဖြစ်ခဲ့။ထိုသို့ ဖြစ်လျှင်၊ စောဒက စုဒိတကအရပ်မရှိရာ၊ဘယ်သို့ဆုံးဖြတ်မည်နည်း၊ ဝိနည်းဓိုရ်တို့စဉ်းစားသင့်သည်၊ ။သမ္မုခါဝိနယေဝသမ္မာန်

ယောစအနုဝဒတိ၊ ယဉ္စအနုဝဒတိ၊ တေသံဝစနံသုတွာသစေကာစိ အာပတ္တိံနတ္ထိ၊ ဥဘောခမာပေတွာသစေအတ္ထိ၊ အယံနာမမေရှာအာ ပတ္တိ၊ ဧဝံဝိနိစ္ဆိတံရူပသမ္ဘဘိ၊ ကန်ဒါကို လက်တွင်းထားကြရမည်၊ ရှေးကပြုအပ်ပြီး၊ ပရိဝါပါဠိ၊အဋ္ဌကထာ၊ ဓူဋ္ဌဝိ၊ဝဇိရဗုဒ္ဓိ၊တေရသ ကဏ္ဍ၊ဝိမတိဘုံ့ကိုလည်း လက်တွင်းထားရမည်၊ထားခဲ့သော်၊ တေ သံဝစနံသုတွာဟူသောစကားသည်၊ ဥပလက္ခဏာ နိဒ္ဒေသ နည်းဖြစ် ကြောင်း၊ဟုတ်မှန်သောဝတ္ထုဖြစ်ခြင်း၊ အများရဟန်း ရှင်လူတို့မျက် မှောက်ထင်ထင် လွန်ကျူးခြင်းများကို ထောက်ထား၍ ဆုံးဖြတ်သင့် ကြောင်းဖြစ်ပြီးဖြစ်ရကား၊ တေသံဘူတဝတ္ထုနိဿိတဝိတ္တမဉ္ဇူသာဆော ကောတွာဝဟု ရှုသင့်သည်ကိုလည်း၊ နေယျတ္ထ အနုမာနသိဒ္ဓကေ သောသနည်းအားဖြင့် ပြကြောင်းသိအပ်၏။ ။သီဟိုဠ်စသောတိုင်း တပါးက ယုံမှားသံသယကင်းရန် လျှောက်ထားကြ၍၊ ဆုံးဖြတ်အပ် သောဝိနိစ္ဆယများလည်း အများရှိ၏။ ပုဂ္ဂလသမ္မုခတာ မဖြစ်နိုင်၊ ဝိနယဓရပိဋကတ္တယပါရဂူ သာသနာ့တော်စောင့် ဆရာတော်ကြီး များဖြစ်၍၊ ပုဂ္ဂလသမ္မုခတာဖြစ်မဖြစ် မသိမမြင်ပဲ မရှိတန်လေရာ၊ ထိုကြောင့်-ဝိနည်းရုဋ္ဌိရှိမှန်း၊ ပါဠိအဋ္ဌကထာဋီကာ ဂန္ထန္တရမှန်းမှ မသိပဲ၊ကာမဂုဏ်သွေးတက်စာ၊ အပေါ်ယံလေးပါးအစာရစ်၍ ဗိုက် ကွန်မိသောငှက်မိုက်ပမာ၊ငါးမျှားစာမိသော ငါးမိုက်ပမာ၊အမဲတုံး မိသော သုနက္ခပမာ၊ နစ်မြုပ် မျောဝါးနေသော သူကလေးများက၊ သမ္မုခတာ(၄)ပါးမပုံပါတကားဟု၊ ဘီမသေနပမာ၊ ထေဝါမကြွား မိကြစေသင့်၊ ငရဲသာတ်လေးပါးအထယ်မဝင်မို့၊ ဟိတ်ဟန်လုပ်ပြီး ခေါင်းမဖြူမိကြစေလင့်၊ ရှေးအခါ တသိမ်တည်းနေခွဲမှ သံဃဘောဇ ကကံကြီးထိုက်သည့်ဟု ပါဠိအဋ္ဌကထာမသိပဲထေဝါထုတ်မိလေရာ ငါတို့က ပါဠိတော်(၇)ကျမ်း၊အဋ္ဌကထာ(၈)ကျမ်းများကို၊ နံပါတ် အင်္ဂါထုတ်သဖြင့်၎င်း၊ဒုတိယတကြိမ် ဒကာအများသွား၍ လျှောက် ထားကြသဖြင့်၎င်း၊ခေါင်းငိုက်စိုက်ကျသွားဘူးလေပြီ။ ။

## ယခုမြင်းတည်းခွဲချက်ချောက်လွှာကို လစ်လျူရှုကာ မဆုံးဖြတ်ပဲထားရာ၌အပြစ်ပြခဏ်း။

ဗမ္မဝ် ဒိနဂ္ဂဒဟာ ဝိဝါဒဝိနိစ္ဆယပါဌ်နှံ၊ ဗမ္မာသက်ရောပါယော၊ ဗဟုနာခတ္တခန္တိယာ-ဟူသောဂါထာနှင့်အညီ။ အရပ်ရပ်ချောက်လွှာကိုအလေးမပြု။လစ်လျူရှုကာ ခန္တီပါရမီကိုဖြည့်ပြီးဆိတ်ဆိတ်နေသည်းခံကာ မဆုံးဖြတ်ပဲနေလိုက်သော်၊ (၁) ဗမ္မဝါဒီဒေ. လင်္ကာဒီသီဟိုလပါပဘိက္ခု သီလကြောင်တို့ အားတစ်သရောရှိကာ၊ သာသနာဂိရိဒေဟမဝတာဗလောင်း ဝိနည်းရိုက်ကြီးများကဲ့သို့၊ အလဇ္ဇီအားပေးချီးမြှောက် စောင့်ရှောက်သူတာရာကျခြင်း၊ (၂)မိစ္ဆာဝါဒနေ့စဉ်တိုးပွားဘွယ်ရှိခြင်း၊ (၃)မသိမလိမ္မာ၍မဆုံးဖြတ်နိုင်ဟု မောဟာဂတိလိုက်ရာကျခြင်း၊ (၄)ဗမ္မာအများသို့ကူးစက်ဘွယ်ရှိခြင်း၊ (၅) အပါယ်လမ်းသွားခြင်းမှ မကာကွယ်ရာကျခြင်း၊ (၆)များစွာသော ဥဟာန်းရှင်လူတို့ ပဋိပ္ပန်တမလွန်အကျိုးမဲ့ဖြစ်ရာရှိခြင်း၊ (၇) သင်္ဃာတော်ကောင်းများ မချီးမြှောက်ရာကျခြင်း၊ (၈)ဘုရားသဗ္ဗညု မျက်နှာတော် သာသနာ မျက်နှာတော်ကို၊ မထောက်ထား မကြည့်ရှု မစောင့်ရှောက်ရာကျခြင်း၊ (၉)သာသနာတော်ဘေးရန် အညစ်အကြေးကို မကာကွယ် မကြည့်ရှု မစောင့်ရှောက်ရာကျခြင်း၊ (၁၀) သာသနာတော်အရှည် တည်တန့်အောင် လုံ့လမပြုရာကျခြင်း၊ ဤ(၁၀)ပါးသောအပြစ်တို့ကိုမြင်သဖြင့်၊ ကျမ်းဂန်ရှိတိုင်း ဟုတ်မှန်တိုင်း၊ ယထာဘူတ ကျနစွာဆုံးဖြတ်သင့်သည်ဟု သဘောဥာဏ်အကြံဖြစ်လာလေသည်။ တေဓဟိဘိက္ခဝေ ဘိက္ခုနံ့သိက္ခာပဒံ ပညာပေဿာမိဒသအတ္ထဝသေပဋိစ္စသည်ဖြင့်၊ ပါရာဇိကာဏ်စသည်၌ ဟောတော်မူသည့်၊ဤ၌အကျုံးဝင်သည်၊ ငါတို့မှာ ပညာပထမတန်း ငါးသနားဘိုင်ဆရာတော်အများရှိသော၊ ရဟန်းပညာရှိအများ မေမြေအဆက်ပါးအစိုးရသော ပြည်ပိုင်အစိုးရမင်းတို့က မိဂ္ဂိုလာခရိုင်-မြစ်ကွခရိုင်(၂)ခရိုင်အတွင်းရှိ ဗမ္မဝါဒီ အလင်္ကာဒီသီဟိုလ ပပျောက်ရန်၊ ဗမ္မဝါဒီ လင်္ကာသီလဝန္တပညာရှိ သူတော်ကောင်းတို့ ကိုယ်ဝိတ်ချမ်းချမ်း သာသာနေ၍၊ မိမိတို့ကိုစွပ်စွဲ ကဲ့ရဲ့ခံ ဘုရား

သဗ္ဗညု၊ အကြွက်ဖတော်-ပရိယတ် ပဋိပတ်ကို အားထုတ်နိုင်အောင် စီရင်သုံးမရန်-အကြီးသုံးအုသာရိယ အဓိပတိပဗ္ဗဇ္ဇာဂမ္ဘီယ ဓမ္မဝိသုံ ဝါဒကမ္မာယ တရားသူကြီးမှာနတို့ရဖြင့်ခန့်ထားခြင်းကိုခံရသောသူ ဖြစ်သည်။ ၁၂၇၀-ခုနှစ်အထ၊ ၁၃၀၁-နှစ်တိုင် (၂၄)နှစ်ပတ်လုံး ခွဲလာရာ၊ အချို့သံဃာဘေဒမှုကြီးကြောက်၍၊ ထို၂ ပိဋကဂိုဏ်းမှ၊ စရပ်ကြီး-ဖက်တော-ဘုရားဖှ-ချုံကြီး-ကျွန်းရွာ-ညောင်တို လက်သည်းကျင်-မြင်းတည်၊ ကျော်ရင်း၊ လယ်ချိုင့် စသည်ခွဲထွက်ကြပြီ။ ကျန်အနဲတွင်ပါဝင်လျက်၊ ကပ်းဂိုဏ်းသား သက် ၈က်စော်ကား သောမတရားမှုဖြစ်သည်။မင်းကျောင်း၊(၉)ဆောင်၊ပန်းအိုင်စသော တခြားဂိုဏ်းကို၊အမြဲကိုယ်နှုတ်လွန်ကျူးသူဖြစ်သည်၊ တရားကျမ်း ဂန်ရှိတိုင်းမဆုံးမလျှင်၊အလဇ္ဇီဒုဿီလ အားပေးရာကျမည်။ ထိုမှဒီ တကလည်း ပညာရှိကြီးများကို စော်ကားနေသည်ကြာပြီဟုကြားရ ၏။ဓမ္မာတိဂုတ်ဝဏ္ဏုပြိန္နယာတိစောဒနာစေဝသာရကာ၊ နမ္မဒေါ သဘွင့်(၄၆၉)ပရိဝါဘွင့်(၅၄၂) ဝိနယ သင်္ဂါဟ(၂၉၅) ဒသကုသ လာကမ္မပသာဓမ္မော၊ ဒသအကုသလာကမ္မပထာဓမ္မော။ ဗုဒ္ဓဝါ ၌၊ (၄၆၇) သံယုတ်၌၊(၁၀၉) ဘုတောနဝဏ္ဏနာ စောဒတွာ သာ ရေတွာ ယထာပဋိညာယ ကာတဗ္ဗံဓမ္မော၊ ဗုဒ္ဓဝါ၌၊ (၄၆၇)ယာခု မြင်တည်းသံဃာဘေဒကမှုမှာ၊ ဟုတ်မှန်သောဝဏ္ဏုဓမ္မကံလည်းဖြစ် နေပြီ။ဝဏ္ဏုအာပတ်ဖြင့် စောဒနာကြောင်း ဖြစ်ရှိမရှိအောက်မေ့၍၊ ကသုန်လကွယ်နေ့၊ နယုန်အွန်း(၈) ရက်နေ့မျိုးနှ လာ၍ထုချရှင်း လင်းစေသိုကြောင်း၊စာသည်းနှစ်ကြိမ်ပေးပြီး၊ ဆိုပြီ အတိုင်း ပါရာဇိ ကလာ မတ္တုဒုဂ္ဂဏ္ဏုန္ဒ၊ အာဂန္တုမဟာန်းအများရှေ့ပင် မျောက်မဲ့ လွန်ကျူးသူဖြစ်၍မကွယ်နိုင်မဘက်နိုင်ဒီဖြစ်နေရကား၊ဥစ္စာဘာ နှင့်တဘူ ဘမ်းမိသောသူခိုးပမ ဖြစ်၍၊သစ္စာအာဝုဓသောဟုဝန်ခံရသ ကဲ့သို့။ အများရှင်လူ ရဟန်းများရှေ့ပင် သံဃာဘေဒကဂရုကာ ပါ ရာဇိကမှုကြီး ကို လွန်ကျူးသူ ဖြစ်နေရကား၊ ဝန်ခံခြင်းပဋိညာဉ် လည်းမြဲ့လေပြီ။ သဟောဒ္ဓဂ္ဂဟိတာ စောဒရ ဝိယပစ္စက္ခဒိသွာ စောဒိတဏ္ဏာ ကိံ ဝါမယာကာတဗ္ဗ အာဒေသနိဝဏ္ဏုံ အသဏ္ဌာနေကာ သစ္စာအာဝုဓသောတိအာဟ၊ ပါရာဇိကကဏ္ဍ (၁၃၅) ဖော်လတ္တိနာ

ဓေဝဒေယျမေဒနာအလင်္ကာဗဟုသုပိဝဏ္ဏ။သုဥပ္ပဒေန္တသု ပတိညာံ နဒေတိ။
နေဝသုဒ္ဓေါ ဘိနာသုဒ္ဓေါ တိ၊ဓဒေသာ ဒုဗ္ဗဒေါသ သိက္ခာပုဒ်အဋ္ဌကထာ၊
(၄၇၀)ဝိနယသင်္ဂဟ(၂၉၆)နှာ:နှင့်အညီ။မိမိပမာဏ သူတပါးပမာ
ဏမသိ၊သိလသမ မိ ညာဂုဏ်။ ပရိယတ် ပတိပတ်ဂုဏ်၊ လေ:ကာ
ဝမ္မရာဇဂုဏ်။ ဧ:ဝိ:တဒဂ္ဂသာဝရိယ ဧ:မိ၂တိရာဇလည္ဆနဗဟုလုဒ္ဒ ဓမ္မ
နန္ဒရဂုဏ်။ ဂုဏာဝုဒ္ဓိ ဝယဝုဒ္ဓိဂုဏ်။ပိဋကတ္တယပါရဂူဂုဏ်။ သော
တာပတ္တိယင်ဂုဏ်၊သည်တခုမျှမရှိပဲလျက် ပညာ ရှိသူတော်ကောင်း
ကြီး:ခံသိမ်းကို ဖြစ်မှာလွန်ကျူး:ကာ လူရှင်နတ်ဖြူသော်သိ သိံဃာ
သင်း:ခွဲမှုကြီး:ဖြစ်၍၊ ဝဏ္ဏအများ:တိုက်ဆိုင်ဓေကာမူ၊ ပဋိညာဉ်မရ
ရကာ:၊နေသုဒ္ဓနာသုဒ္ဓ၊ဖိဝမတကာ၊ အာခကပုတိက တထာနာသိ
တကာပုဂ္ဂိုလ်အဖြစ်၊ အာ:ယဝဏ္ဏကဲ့သို့ ဆုံးဖြတ်သင့်သည်မဟုတ်
လာမေ:ရန်ရှိ၏။အာဘယဝဏ္ဏမှာ၊ ဝဏ္ဏ အများ:တိုက်ဆိုင်လျက်၊ လူ
သိ ရှင်သိ ဒိဋ္ဌသုတ သက်သေပဋိညာဉ်မရ၊ ဤအာဘယဝဏ္ဏနှင့်မတူ
ချေ၊ ယခုမှာအများ:သိ၊ မက္ကုဋဝိဏ္ဏကဲ့သို့ဆိုအပ်ပြီး၊ သ:ဓကာအ
တိုင်း:ပဋိညာဉ်ရပြီး:ဖြစ်သည်။ သတောက်၍ အာပတ်မျိုး:ရှိလျက်၊
သက်န်း:မဝတ်ပဲ စား:ဝတ်ချောင်လုပ်ကိုင်ပျင်း:ရိ၍အနစ်မွန်း:ခံနေသူမှာ
တဖြေး:ဖြေး ဂုဏ်သိရ်ကင်း:မဲ့၍၊ ဒကာ ဒကာမ တပည့်သား:မြေး၊
သဒ္ဓါမဲ့ ပစ္စည်း:မဲ့ အသက်မဲ့ဖြစ်၍၊ပျက်စီး:ရသည်၊ပါရာဇိက(၂၄)
ပါ:တွင်၊ သံဃ:ဘေဒကဂရုက ပဥ္စာနန္တရိယ ပါရာဇိကကြီး: လွန်
ကျူး:သူ ရဟန်း:မဟုတ်၊ သာမဏေလုပ်ထိုက်၊ ပစ္စည်း:(၄)ပါ:ကို
တမိနစ်မျှမသုံး:စား:ထိုက်သော လူဒုဿီလဖြစ်လျက်၊ သက်န်း:ဝတ်မ
ချွတ်၊စား:ရ ဝတ်ရချောင် နေခင်ခါလော နေခင်ခါဓျေး:၊ ရဟန်း:အသွင်
ဆောင်၍နေခဲ့သည်၊ ဉိဉိ ကို ကိုး:စား:သောသူမျာ:နှင့်တကွ။ ဝေဒနံ
ပရသံဘာဝနိ၊သဒ္ဓိရသာစဘေဒနံ၊ဂရုကံဝါပိအာဗာဓံ၊ ပိဏ္ဍကေ္ဂပဥ္စ
ဝါပုဓော၊ရာဇဒဏ္ဍဝါဥပသဂ္ဂံ၊ အဗ္ဘက္ခာနဥ္စဒါရုဏံ၊ ပရိက္ခယဉ္စဉာ
တိနံ၊ဘောဂါနဥ္စပဘင်္ဂုရံ ၊အထဝါဿဂါရာနိ၊ အဂ္ဂိဒဟတိပါဝ
ကော၊ ကာယဿဘေဒါဒုပ္ပညော၊ နိရယံသောပပဇ္ဇတိ၊ ဓမ္မပဒ
(၁၃၇)ဂါထာနံပါတ်၊ ယ:ခုပ္ပ ပြန်မျက်မှောက်လက်ငင်း:ပင်၊ (၁)
ပုလိပ်ရောဂါ၊ မက်ကာ:လေ ၄ ရောဂါ၊ကြောက်ရောဂါ ဥါရနှ သွေ

တစက်စက်ကျ၍၊ တဖွဲဖွဲလုံး တကျောင်းလုံး လူမကပ်နိုင်အောင် ပုပ်သိုးသောရောဂါ၊ကျောင်ကြီး ကျောင်ငယ် မစွန့်နိုင်သော ရောဂါ၊အရူမကိုကျောင်ငယ်များစား၍ကြွက် သောရောဂါ၊ဒုလာအရူ ဘွက်ရောဂါဆုံး အနာဆိုး သေ(ႁ)င်းဆိုးတွေ့ပြီး၊သေရတတ်ခြင်း၊ (၂)ရှိသဗျ ပစ္စည်း ပျက်၊ ရတ်ပျက် ရှုံးဆုံးမျောပါး၍သေရတတ်ခြင်း၊ (၃)လက်ကျိုး ခြေကျိုး၊မျက်စိကန်း နားပင်း၊အဆွ့ ၊မိတောင်ကားမှောက်၊ သဘော ပျက်၊ ရထားပျက်စသည့်တွင် ကိုယ်အင်္ဂါချို့တဲ့ပြီး သေရတတ်ခြင်း၊ (၄) နူနာကြီး ပွေးနာကြီး၊ကိုယ်ချောင် အရူရောင်နာ ဘဂန္ဒရနာကြီးစသောတနာရောဂါရှိမှုမသက်သာသော အနာဆိုးကြီးပေါက်ပြီးသေရတတ်ခြင်း၊(၅)သည်းခြေရူး၊ဘီလူးဘမ်းစား၊အစိမ်းသုရဲ စသည်ဘမ်းစားပြီး အရူးကြီး အနှမ်းကြီးဖြစ်ပြီးသေရတတ်ခြင်း၊ (၆)မင်းပြစ် မင်း ဒဏ်၊ ထောင်ဒဏ် ကြိမ်ဒဏ် တကျွန်းဒဏ်၊ကြိုးဒဏ် အပေးခံရပြီး သေရတတ်ခြင်း(၇)မာတုဂါမှ အဓိဋ္ဌာဒါန်မှ သံဃာဘေဒကမှုကြီး စသော၊ သုတပါးအစွပ်အစွဲ အနိုင် အစက် ခံရပြီးသေရတတ်ခြင်း၊ (၈)မိမိနှင့်ဆွေမျိုးတော်သူ-မိမိကိုယုံကြည်လေးစားအားထားသူ ခဝ်သိမ်းသေကြပျက်စီးပြီး။မိမိပြုရမဲ့သူမရှိ၊အခြေ အရံမဲ့သေရတတ်ခြင်း၊ (၉)မိမိဆွေမျိုး-မိမိယုံကြည်အားထားသူတို့ သားမယား ဒိုး အိမ် ပစ္စည်းခဝ်သိမ်းပျက်စီးချို့တဲ့ပြီး သေရတတ်ခြင်း၊ (၁၀)သင်းခွဲသူနှင့်တကွ၊ရင်းသင်းခွဲရာအလိုတူပါ၊ရဟန်းရှင်လူတို့ပိုင်ဆိုင်သော ကျောင်း-အိမ် အုဋ္ဌတိုက် စရမ် မီးတင်းကုဝ်-စသည် ခဝ်သိမ်းတို့၊ ပကတိမီးသော်၎င်း၊မိုးကြိုးလောင်မီးသော်၎င်း၊အကြိမ်ကြိမ်ကျ ပြီးသေရတတ်ခြင်း၊ ဤ(၁၀)ပါးသောအဖြစ်တို့ကို၊ပစ္စုပ္ပန်တွင်ခံစား ရပြီးနောင် သေသည့်အခြား မချွတ်မုချ တကမ္ဘာပတ်လုံးခံစားရမည်၊ အဝီစိငရဲသို့ရောက်တတ်ကြောင်း ဟောတော်မူသည်။ ဤအတိုင်း လည်း ကိုယ်ရေးဗိတ်ပါ သံဃာသင်းခွဲသူ၊ ထိုသူကို ကိုယ်ရေး ဗိတ်ပါ လေးစားမြတ်နိုးသူတို့၊ ထိုသေချင်းဆိုးနှင့်ချည်း သေကြရ ကြောင်း၊ မျက်မှောက်ဒိဋ္ဌမြင်ကြ တွေ့ဘူးကြ ကြားဘူးကြလှလေပြီ၊ သေလျှင်တဖွေ့စသည်မဖြစ်ကြောင်းကို၊အနုမာနဉာဉ်မြင်ဆ၍လည်း ရဟန်းပညာရှိ လူပညာရှိကြီးတိုင်း သိမြင်နိုင်ကြပြီ။ ၊ ယောဟိ

ဘိက္ခုပါတိမွာ ဝိနယဋ္ဌကာဝိမဒေါတိ လင်္ကာကာသမ္ဗန္ဓ ဆုမာနိဿန္ဒ
နာနိဗြဲလေ့ကေတွာ အဓိကရဏ် ဂူပသမတိ။ တသာဝိနိစ္ဆယော
အပ္ပတိဝတ္တိယော၊ ဗုဒ္ဓေနသယံနိသိဒ္ဓိ သွာဝိနိစ္ဆိ တသဒ္ဒိသောဟောတိ
ပါရာဇိကကဏ်အဋ္ဌကထာ(၁၈၃)အရ၊ (၆)ဝိနည်းပါဠိတော်ဟူသော
သုတ္တဧဘသဗ္ဗက္ခန္ဓကစသည်ထဲ၊ မဟာပဒေသ လေးပါးဟူသော
သုတ္တာနုလောမ၊ အဋ္ဌကထာဟူသော အာစရိယဝါဒအဋ္ဌကထာတို့၌
လာသော ထေရဝါဒဘည်းဟူသော အတ္တနောမတိတို့၌ လိမ္မာခြင်း၊
(၂) (က)ဥဘတောဝိဘင်းကို ဘုရားဟော သက်သက်ဆောင်လာနိုင်
ခြင်း၊ (ခ)ဝိနည်းသိက္ခာပုဒ်၌ ထင်ရှားဖြစ်ဖြင့်တည်ရှိခြင်း၊ (ဂ)အာစ
ရိယ ပါစရိယ ဝိနိစ္ဆယ အဆက်ဆက်ကို၊ သုံးလေးဆက်မက ထက်
ရှိ ကိုယ်ပိုင်ရလိုက်ခြင်း၊ ဤလက္ခဏာ(၃)ပါးနှင့်ပြည့်စုံသော ဝိနည်း
ဓရရှိသည့် ဝတ္ထုကိုကြည့်ခြင်း၊ မာတိကာကိုကြည့်ခြင်း၊ စသော(၄)
ဌာနကိုကြည့်၍ဆုံးဖြတ်အပ်၏။ ထိုဝိနိစ္ဆယကား၊ သဗ္ဗညုဘုရား
ကိုယ်တော်တိုင် တရားပလ္လင်၌ထိုင်၍ဆုံးဖြတ်အပ်သော၊ ဗုဒ္ဓသရိက္ခ
က ဝိနိစ္ဆယဖြစ်၏။ ထိုဝိနိစ္ဆယကို တစုံတယောက်သော ရဟန်း
ပုဏ္ဏား သိကြားနတ် မာရ်နတ် ဗြဟ္မာ (၃၁)ဘုံရှိ သတ္တဝါခပ်သိမ်း
မတားမြစ်နိုင်ဟု လာသည်၊ အပ္ပတိဝတ္တိယော၌၊ ကဏ္ဍားကို အပ္ပတိ
ဝတ္တိယံသမဏေနဝါစသော ဓမ္မစက္ကပဝတ္တနသုတ်ထောက်၍ထည့်
သည် ဝါတို့သည် ဝိနယလေးပါးလည်းနားလည်ပြီး ဝိနည်းဓရလက္ခ
ဏာ(၃)ပါးမက၊ ဆယ်ပါးပင်ပြည့်စုံထေပြီ။ ဝတ္ထုမာတိကာစသော၊
(၄)ဌာနကိုလည်း အထပ်ထပ်မြော်ကြည့်ထေပြီ၊ ထိုဘုရားသဗ္ဗညု
ဝိနိစ္ဆယနှင့်ပင်တူလေရာ၏။ တောင်သာ ပဒိတကတရားခံ (၅)ဦး
စောဒက ရှင်ဇာဂရ စသောသူတို့၏ဝတ္ထုများ၊ ပဒိတကတရားခံတို့
သည်၊ စာလည်းကူ ကျနနသင်ဘူးသူ၊ ကျမ်းဂန်တတ်ဆရာတော်
ကြီးများထံ၌ နှုတ်လများစွာနေဘူးသူနည်းပါးခဲ့၏၊ ဝိနည်းသိက္ခာပုဒ်ကို
လည်းလေ့လာသူနည်းပါးခဲ့၏။ အနည်းငယ်သိသူပါ၏ ဆိုရစေကာ
မူ သေချာစွာမသိ၊ သံဃဘေဒကအင်္ဂါလက္ခဏာမှာ ကျမ်းဂန်တို့၌
သာသင်ရှားစွာရှိ၏ တွတ်နှုတ်ပြီးမြန်မာပြန်နည်းပါး၏ ထိုကြောင့်
နေသသူဦးနာ ၌ဆုံးဖြတ် ချက်ချပေးလိုက်သည်၊ ယခုရှင်ဝိနယမှုများ၊

မသိသူလည်းမဟုတ်ရာ၊ ဘာသာပါဠိမလိုက်မှန်းမသိဘူးလား ဧသည်
လွန်ကျူးမှုကြာပြီဟုဆွေ့ဆော်ကြ၏။ သည့်လိုအင်္ဂါပုံအောင်ခွဲလျှင်
သည့်လို သံဃာဘေဒက ပါရာဇိကကျမည်ဟု ငါတို့ ထုတ်ထားအပ်
သောကျမ်းများဖြင့် သိနိုင်ပေ၏။ ငါတို့ကပင် သာသနာပျက်နှာ၊
ဘုရားပျက်နှာကိုမငဲ့၊ သူတို့ဆရာကြီး က ငါတို့ထံရှေ့တွင်ပေါ်၍။
အဝန်ထားဘူးသောဆရာကြီးပျက်နှာကိုငဲ့၍ နေဝသုဒ္ဓနသုဒ္ဓ ဆုံး
ဖြတ်စေကာမူ၊ သဗ္ဗညုဘုရားရှင်ကိုယ်တိုင်က၊ သံဃာဘေဒကော
ဘိက္ခုဝေ ဝ မ သော၊ တချက်လွှတ်ဖြင့် ဘာကြီး ဝရဇိန်လက်နက်
ရိုးကြီးစက်ကြီးသက်၊ မဆရာထောင်မကာ အရှိန်အာနုဘော်ကြီး
ကျယ်လှသော လက်နက်ကြီးဖြင့် ရဟန်းဖြစ်ကိုမဆိုထားဘိ၊ သာ
မဏေအဖြစ်ကလေးကိုမျှ၊ တနေ့တရက် တမနက်မျှ ခွင့်မပေးပဲ၊
သံဃာဘေဒက ပါရာဇိကအာဏာကြီးဖြင့်၊ ဒေဝဒတ်ကဲ့သို့ ဆုံးဖြတ်
ချက်ချပြီးဖြစ်ကြောင်း၊ ပညာရှိရဟန်းလူရှင်တိုင်းပင်သိနေကြပြီးရှိပေ
သတည်း။ သည့်သာမက-ငါတို့ဂိုဏ်း သံဃာ(၃)သောင်းကျော်
ကလည်း၊ ထိုသူတို့နှင့် သည့်ဘဝသည့်ခန္ဓာကိုယ်တည်သမျှ ကာလ
ပတ်လုံး၊ ကံကြီး ကံငယ်-ဥပုသ်ပဝါရဏာ အတူချီးမြှောက်နိုင်
လောက်သောအခြေအနေမရှိတော့ချေ။

# နိဂမကထာ။

## လိုရင်းပဓာနစီရင်ချက်ဝိနိစ္ဆယဖြတ်စာ။

မြင်းတည်းအရှေ့ကျောင်း-ရှင်ဝိဇယမှာ၊ ကျမ်းဂန်လာအင်္ဂါလုံ
သောက်စွာပင် ဓမ္မ(၈)ထောင်ကျော်သော သိက္ခာတော် သီလတော်
ကိုမချစ်မနှစ်သက်၊ ဘုရားပျက်နှာ သာသနာတော်ပျက်နှာမထော်
မ္မချစ်ကျွမ်းဝင်လာသော၊ သမဂ္ဂ သီတင်းသုံးဘော် ဆရာသမာ
ကျေးဇူးရှင်ပျက်နှာများကိုမထောက်၊ အဝမ္ဘဝါဒီပါပိစ္ဆ အပင်းအ
သင်းကလေးကိုသာ ထောက်ထားပြီး၊ သံဃာကွဲ-လူကွဲ-နတ်ကွဲ

ဗြဟ္မာကဲ့ဖြစ်၍၊ အပါယ်လေးပါးစာဖြစ်သော သံသယဘေဒက ပါရာဇိကမှုကြီးကိုကျူးလွန်ကြောင်းအနိုးရှိ။ ဆည့်ကုန်း၊လက်သည်းကျင်၊ ကျွန်းရွာ မြင်းတည်း၊ကျောက်ရင်း၊ ကိုင်း-ခွေးကူး စသော ရဟာန်းရှင်လူအများ သိကြ မြင်ကြ ကြားကြပြီးဖြစ်ရကား၊ ရဟာန်းအဖြစ်သာမဟောအဖြစ်ဖြင့်၊ တနေ့ တရက် တမနက်မျှ မနေထိုက်သည်ဖြင့်၊ အသုဒ္ဓအဖြစ်ရှိတည့်ဟော ဧကန် ဆုံးဖြတ်ကြောင်း ပညာရှိတိုင်းကသဘောကြိုက်ညီချက်ပေးကြသော်လည်း၊ပါဠိအဋ္ဌကထာ ပဋိညာဉ်တိုက်ဆိုင်ပိသည့်မထင်ရကား၊နေ၀သုဒ္ဓနာသုဒ္ဓရဟာန်းအဖြစ်ရှိတည့်ဝေ၊ ၊မြင်းဘည်းရွာ အစရှိသောရွာအများ၊ တောင်သာစသောမြို့အများရှိ၊ လဇ္ဇီပေသလ သိက္ခာကာမ ရဟာန်းမှန် ရဟာန်းစစ်ခစ်သိမ်းတို့ကိုအစပြု၍၊ မြန်မာနိုင်ငံ သိပ်ဗိုဒ္ဓကျွန်း သည့်ဦးရှိသော၊ ဆ.. တော် သံဃာတော်ခစ်သိမ်းတို့ကလည်း၊ ထိုရဟာန်း၏အမှုကိုသိပြီးဖြစ်၍။ ကံကြီးကံငယ်စသော သံဝါသကင်းရှင်းစွာ သွမ်းအတူစားခြင်း၊အာပိသပေးခြင်း ယူခြင်းစသော၊ သမ္ဘောဂကင်းရှင်းစွာနေထိုင်သျက်၊ မိမိတို့ကိစ္စ ဘုရားအလိုတော်ကျ၊ ထိုရဟာန်းမှ တပါးသော လဇ္ဇီပေသလ သိက္ခာကာမရဟာန်းတို့နှင့်။ သမ္ဘောဂ သံဝါသမကွဲမပြား၊ သံဃာဘေဒကကံကြီးကိုလွန်ကျူးမိစေပဲ၊ ဂရိယတ် ပဋိပတ်တရားနှစ်ပါးကို၊ ကိုယ့်အသက်ကိုမငဲ့ကွက်ပဲ၊ ကြိုးစားအားထုတ်နေထိုင်စေ၊ ၊

—•—

(က) ပဥ္စတမဥ္ဇုနဂရေ၊ ပုဗ္ဗရာဇာဟိဓော်ဒတာ၊
ကျွန်းရွာရညာပိဟာရမှိ၊ သာရုဏေဟိကာရိတာ၊

(ခ) ကျွန်းရွာရညာဝဂိုးသနာ၊ ကျွန်းရွာရညာနပါသိနာ၊
တိက္ခဏကြလာဥလာဒ္ဒေနာ၊ ကာပိဿရဠရာနုပ်ဟိ။

(ဂ) ဒုသမ္မလာဘံနိဂ္ဂဟာယ၊ အနုဥဟာယလဇ္ဇိနံ၊
သံဃာဘေဒသကမ္မသာ၊ အနုပ္ပါဒါယနာဂတေ၊

(ဃ) ဇုဒ္ဓသပုဇနတ္ထာယ၊ သဒ္ဓမ္မဿစဋ္ဌိတိယာ၊
ဝိနယဿာနုဂ္ဂဟာယ အနုသာသာယသာသနာ၊

(င) မြင်းဘည်းဂဏာစရိယေန၊ ဘဒန္တဉာဏာဘိနာမိနာ၊
သင်္ဂဟိတဝံသကေန၊ မဟာထေရေနယာစိတာ၊ ။

(စ) ပါဠိအဋ္ဌကထာနံ ဟိ၊ ဟတ္ထမုဒ္ဒိနယေဟိ စ၊
နာနာသာရတ္ထသင်္ဂြောဟာ၊ ကတာ ဂန္ထိရနိဿယာ၊ ။

(ဆ) ကာသိတိ သတေကာဝေ သာ၊ ဓေနုကာသုမှိ အင္ဂမေ၊
သုတ္တဝါဒေ ရသုနိဋ္ဌိတာ၊ နိဗ္ဗုတော နိရုပဒ္ဒဝေါ ဟိ၊ ။

အဋ္ဌမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ၊ မိတ္ထီလာ မြစ်ကွေ့ နှစ်ခရိုင် သုဓမ္မာဝင် ဘွဲ့တံဆိပ်တော်(၃)ထပ်ရ၊ အနေကဂန္ထကာရက၊ ရဝိန္ဒ ပမှ အတိပါကဋ။ ယုတ္တမုတ္တပါဠိ၊ အဂတိအနာဂမန၊ ဝိဂတလဉ္ဇ ဥဋ္ဌဂ္ဂဟာဏ စသော ဂုဏ်ရပေါင်းတို့တည်ရာဖြစ်သော၊ သာသနာပြု၊ {တရားသူကြီး ပသမ်တန်းဘွဲ့ တံဆိပ်တော်ရ} ကျွန်းရွှေ တောရဆရာတော်ဘုရားကြီး သည်။ အဓမ္မဝါဒီအလဇ္ဇီဒုဿီလတို့က၊ သာသနာတော်ဝင်၊ သူတော်ကောင်းပညာရှိကြီးအပေါ် မစော်ကား မနှိပ်စက်၊ အားပေးချီးမြှောက်မဖြစ်စေရန်၊ သာသနာနုဂ္ဂဟ ဓမ္မ နိဂ္ဂဟ ဖြစ်စေရန်၊ ပါဠိအဋ္ဌကထာဋီကာ ရှုံ နိတ္တဿ ဥဇုကတ္တ မုချတ္တတွေကို လှမြင်သိုင်းသိအောင်ဖြ၍ လက်ပေါ်ဘင်သား ဝတ္ထုမြားတုံးပမား သံဃာထေရ်ကြီးများတို့သဘောဆန္ဒ ကြိုက်ညီတော်မူချက်အရ၊ ဆုံးဖြတ်အပ်သော၊ မြင်းတည်းသံဃာဘဒ္ဒကဝိနိစ္ဆယကျမ်း၊ မြန်မာနိုင်ငံအတွင်းရှိ မှာရာတော်သံဃာတော်ခပ်သိမ်း၊ ဖြည့်ပိုင်အစိုးရမင်းတို့ ထံဟင်သွင်းရန်၊ ဆရာတော်ဘုရားကြီးကိုယ်တိုင်၊ တံဆိပ်တော်(၃) ထပ်နှိပ်၍၊ တောင်သာကုက်ကြီးအုပ်၊ မြင်းဘည်းဆရာတော်နှင့်၊ ရင်းစတုပစ္စယဒါယကာ ဒါယိကာမများအား၊ ပုံနှိပ်စေရန်၊ ၁၃၀၁-ခု၊ နယုန် လဆုတ် (၁၀)ရက် တနင်္ဂနွေနေ့ ညနေ(၂)နာရီအချိန် ပေးအပ်တော် မူလိုက်သည်။

မြင်းတည်းအရှေ့ကျောင်းသံဃာသင်းခွဲမှ

ဖြတ်စာပြီးပြီ။